ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)

Village Development Plan (VDP)


ဒေါတော်ကူးကျေးရွာ ၊ ဒေါတော်ကူးအုပ်စု ၊ ဒီးမော့ဆိုမြို့နယ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၇ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ | ၈ |
| ၈။ | ကျေးရွားအတွင်းရှိ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၉ | ၁၀ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၁ | ၁၁ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၂ | ၁၂ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၆ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၇ | ၁၈ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၉ | ၁၉ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၀ | ၂၂ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၃ | ၂၄ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၅ | ၂၇ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၈ | ၂၈ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၉ | ၃၂ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၃ | ၃၄ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# ဒေါတော်ကူးအုပ်စုမြေပုံ


မ
န
ရ
တ
ဒေါပေါ်ကူး
ဒေါတော်ကူး
ဒေါခလိုဒူ
ဒေါတဝူးသစ်
ဒေါတဝူးဟောင်း
ဒေ ါတိပို့
ဒေါနို့ကူး
ဒေါဆီးအီ
ဒေါဆိုကလော
ကျောက်ချောလမ်း
မြေသားလမ်း
ကျေးရွာအုပ်စု
ကျေးရွာ
အုပ်စုနယ်နိမိတ်

ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | ဒေါတော်ကူး | ၆၂ | ၂၇၃ | ၁၅၄ | ၄၂၇ |
| ၂ | ဒေါခလိုဒူ | ၁၄၀ | ၃၉၁ | ၃၈၈ | ၇၇၉ |
| ၃ | ဒေါပေါ်ကူး | ၁၀၄ | ၂၈၄ | ၂၉၅ | ၅၇၉ |
| ၄ | ဒေါတငူးသစ် | ၂၅ | ၆၄ | ၆၅ | ၁၂၉ |
| ၅ | ဒေါတငူးဟောင်း | ၂၉ | ၇၄ | ၅၅ | ၁၂၉ |
| ၆ | ဒေါနို့ကူး | ၂၀ | ၃၉ | ၄၄ | ၈၃ |
| ၇ | ဒေါတီပို့ | ၄၄ | ၁၁၆ | ၁၀၀ | ၂၁၆ |
| ၈ | ဒေါဆိုကလော | ၆၇ | ၁၅၆ | ၁၆၂ | ၃၁၈ |
| ၉ | ဒေါဆီးအီ | ၁၂၂ | ၃၂၆ | ၂၃၆ | ၅၆၂ |

ကျေးရွာမြေပုံတည်နေရာ



ဒေါ်တော်ကူးအုပ်စု၊ ဒေါ်တော်ကူးကျေးရွာ

ရက်စွဲ။ ။ ၁၉.၁၂.၂၀၁၆

ကျေးရွာမြေပုံသုံးသပ်ချက်

ဒေါ်တော်ကူးကျေးရွာတွင် အိမ်ခြေ (၅၈) အိမ်ရှိပြီးလူဦးရေ (၄၂၇) ဦးရှိပါသည်။ ဒီးမော့ဆို-မိုးပြဲ လမ်းမပေါ်ရှိ သေးဆူလဲရွာ၏အနောက်ဘက်တွင်တည်ရှိပြီးရွာ၏အနောက်ဘက်တွင် ဒေါခလိုဒူးရွာနှင့် ဒေါပေါ်ကူးရွာတို့တည်ရှိသည်။ ဒေါ်တော်ကူးရွာသည်အုပ်စုရွာလည်းဖြစ်သည်။ သေးဆူလဲမှဒေါပေါ်ကူး ထိဒေါ်တော်ကူးရွာကိုဖြတ်၍ကျောက်ခင်းလမ်းခင်းထားပါသည်။ ကျန်ရွာလမ်းအားလုံးမှာ မြေသားလမ်း ဖြစ်ပြီး ကိုယ်ထူကိုယ်ထရေပြွန်များထည့်ထားပါသည်။ ကျောက်ချောလမ်းအတိုင်းဝင်လာမည် ဆိုပါက ရှေးဦးစွာ ဒေါ်တော်ကူးရွာ၏ဘုရားကျောင်းနှင့် မူလတန်းကျောင်းကိုတွေ့ရမှာဖြစ်ပြီး ၎င်းလမ်းပေါ်တွင် ကျေးရွာ ခန်းမဆောင် ၊ ဘုရားကျောင်းအဟောင်းနှင့် ကျေးလတ်ကျန်းမာရေးဌာနခွဲ တို့ကို တွေ့နိုင်ပါ သည်။ ရွာလယ်တွင်တောင် ၊ မြောက်ဖြတ်သွားသောချောင်းရှိပြီးရေတွင်း (၄) တွင်းနှင့် အဝီစိတွင်း (၁) တွင်းရှိပါသည်။ ရွာတောင်ဘက်တွင်လယ်ကွင်းများရှိပြီး ခန်းမဆောင်ဘေးလမ်းသည် လယ်ထဲသို့သွား ရာတွင်အဓိကသုံးသောကုန်ထုတ်လမ်းဖြစ်သည့်အပြင်မြေသားလမ်းအဆင့်သာရှိသေးသဖြင့်ကျောက် ချောလမ်းဖြစ်စေရန်ကျေးရွာမှရည်မှန်းထားပါသည်။ ထို့ အပြင်ရွာ၏အနောက်တောင်ဘက်၊ ဒေါတငူးသစ်ရွာနှင့် ဆက်ထားသောလမ်းမှာလည်း (၁) ဖာလုံခန့်ကျောက်ချောလမ်းခင်းရန်လိုနေ ပါသည်။ ကျေးရွာ၏ အနောက်ဘက် တွင်ဝါးရုံတော များရှိသည်။ ဝါးရုံတောထဲတွင် ကျေးရွာ သချိုင်းကုန်းရှိပါသည်။ရွာ၏မြောက်ဘက်တွင်ထေးကလျားချောင်းနှင့်ကျောက်တောင်များလည်းရှိ ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား - (၂၈) ဦး

မ - (၁၈) ဦး

ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

## ဒေါတော်ကူးအုပ်စု၊ ဒေါတော်ကူးကျေးရွာ

## ကျေးရွာသမိုင်းကြောင်းအကျဉ်း


ဒေါတော်ကူးကျေးရွာသည် ၁၈၀၀နှစ် ဝန်းကျင် ကတည်းကတည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။နယ်ချဲ့အင်္ဂလိပ်အစိုးရ မရောက်ခင်အချိန်ထိ ဘုရင်စနစ်ဖြင့်နေထိုင်ခဲ့သောရွာလည်းဖြစ်သည်။ ဒေါတော်ကူးကျေးရွာတွင်ကပ်ရောဂါဆိုးကြီး(၂)ကြိမ်ကျရောက်ဖူးပါသည်။ ပထမအကြိမ်မှာ၁၈၀၀ခုနှစ်မှ ၁၉၀၀ ခုနှစ် ကြားတွင်ဖြစ်ပွားခဲ့ပြီးအနီးအနားရှိရွာများပါကျရောက်သောရောဂါဆိုးကြီးဖြစ်ပြီး လူများသေကြပျက်စီးမှုများခဲ့ရသည်။ ထို့နောက်လူဦးရေပြန်လည်များပြားလာပြီးအိမ်ခြေ(၂၀၀)ခန့်ထိရှိလာ ပြီဖြစ်သောအချိန်မှာ လည်းကာလဝမ်းရောဂါဆိုးကြီးကိုထပ်မံခံစားရပြီးထပ်မံသေကြေရပြီးအိမ်ခြေ (၁၀) အိမ်ခန့်သာကျန်သည်အထိဆိုးဝါးခဲ့သည်။ ဒုတိယအကြိမ်ရောဂါမှာ ကပ်ရောဂါဖြစ်ပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၀ ခုနှစ် ဝန်းကျင်ကဖြစ်ပွားခဲ့ပြန်သည်။ဘာသာရေးတွင်လည်းမူလကနတ်ကိုးကွယ်သူများဖြစ်ကြပြီး ၁၉၃၂ ခုနှစ်ဝန်းကျင်မှစ၍ ရိုမန်ကတ်သလစ်ခရစ်ယာန်ဘာသာကိုယနေ့ထိတိုင်ယုံကြည်ကိုးကွယ်ကြသည်။ ဒေါတော်ကူးကျေးရွာသည်စစ်ဘေးဒဏ်ကိုလည်းအကြိမ်ကြိမ်ခံခဲ့ရပြီးစစ်ဖြစ်ပြီဆိုပါ ကရွာ၏မြောက် ဘက်ရှိ `ထီးကယ်ဆို' တောင်တွင်ပုန်းခိုကြရသည်။ ၎င်းတောင်ကို ကျေးဇူးရှင်တောင်ဟုလည်းခေါ် စမှတ်ပြုကြသည်။ ထို့ပြင်ရွာတွင် ၁၈၀၀ နှင့် ၁၉၀၀ ခုနှစ်ကြား ၊ လူဦးရေများသောအချိန်တွင်မှာလည်းရွာရှေ့ခြမ်းနှင့်နောက်ခြမ်းဟူ၍နှစ်ပိုင်းကွဲခဲ့ဖူးသည်ကိုထိုအချိန်ကရွာလယ်တွင်တောင်နှင့်မြောက်ကြိုးတန်းကညောင်ချဉ်ကိုင်းနှစ်ကိုင်း အမှတ်အသားအဖြစ်စိုက်ခဲ့သည့် ထိုညောင်ပင်နှစ်ပင်ကိုကြည့်ခြင်းအားဖြင့်သိနိုင်ပါသည်။ ဒေါတော်ကူးကျေးရွာသည်ရောဂါဆိုးဘေး ၊ စစ်ဘေးတို့ကိုမျိုးစုံခံစား ခဲ့ရသော်လည်း ရွာမပျောက်ပျက် အောင်ထိန်းသိမ်းလာခဲ့သည့် ထိုရွာသူရွာသားတို့၏စိတ်ဓာတ်မှာ ချီး ကျူးဖွယ်ရာဖြစ်သည်။ ယခုဆိုလျှင်အိမ်ခြ (၅၈) အိမ် နှင့် လူဦးရေကျား ၊ မစုစုပေါင်း (၃၂၄) ဦးရှိပြီဖြစ် သည်။ ရွာတွင် ၁၉၈၁ ခုနှစ်ကအဆင့်မြှင့်တည်ဆောက်ခဲ့သောဘုရားကျောင်းအဟောင်း နှင့် ရွာ အဝင် တွင်အသစ်တည်ဆောက်ထားသော ဘုရားကျောင်းရှိသည်။ ၁၉၇၉-၈၀ ခုနှစ် တွင်ကိုယ်ထူကိုယ်ထ (အ.မ.က) ကျောင်းစတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၂-၈၃ခုနှစ် တွင်မူလတန်းကျောင်းဆောင်ကိုဝါးခင်း ၊ ဝါး ကာ ၊ ဖက်မိုးဖြင့်တည်ဆောက်ခဲ့ပြီး ၁၉၉၃-၉၄ခုနှစ် တွင်အုတ်ညှပ်တစ်ထပ်ဆောင်ကိုကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် သေးဆုလဲကျေးရွာအနောက်ဘက်ရှိ ထီးကယ်ယားချောင်းတူး မြောင်းကိုဖြတ်ကူး၍ပေ(၆၀)ရှိကွန်ကရစ်တံတားတစ်စင်းကို လှိုင်ကော်သာသနာခရစ်ယာန်ဆရာတော်မှလှူဒါန်းဆောက်လုပ်ပေးခဲ့သည်။ ၂၀၀၅-၀၆ ခုနှစ်တွင်သေးလဲမှဒေါပေါ်ကူးထိဒေါ်တော်ကူးရွာကိုဖြတ်၍ ကျောက် ချောလမ်းခင်းခဲ့သည်။

မှတ်တမ်းတင်သူ - ဦးဂျိုးဇက်

(ဒေါ်တော်ကူးကျေးရွာ)

## ကျေးရွာအတွင်းရှိ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



ဒေါတော်ကူးအုပ်စု၊ ဒေါတော်ကူးကျေးရွာ

ရက်စွဲ။ ။ ၁၉.၁၂.၂၀၁၆

ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ခြင်း

ဒေါတော်ကူးကျေးရွာ အနေဖြင့် ယခုလက်ရှိအခြေအနေအရ လူမှုအခြေပြခြင်း (သို့) ဆင်းရဲ ၊ ချမ်းသာကွာဟမှုတိုင်းတာခြင်းပြုလုပ်သောအခါ အဆင့်(၁)၊(၂)၊(၃) ဟူ၍(၃)ဆင့် ခွဲကာလေ့လာသိရှိနိုင်ပါသည်။ အဆင့် (၁) သည်ရွာတွင် ချမ်းသာသောအုပ်စု ဖြစ်ကြပြီးၤင်းတို့အားစံသတ်မှတ်ချက်ထားကာခွဲခြမ်းထားသည်။ ၎င်းတို့၏ပိုင်ဆိုင်မှုအတိုင်းအတာမှာလယ်(၅)ကေအထက်၊ ယာ(၅)ကေအထက်၊ နွား (၁၀) ကောင် အထက် ၊ ထော်လာဂျီ ၊ ကိုင်းရှည်(လယ်ထွန်စက်) ၊ ဆိုင်ကယ် (၂) စီး နှင့် အထက် ၊ တိုက်အိမ် ၊ သားသမီးများကိုဘွဲ့ရသည်အထိ ထားပေးနိုင် ၊ ဝက် (၃) ကောင် ၊ နွားလှည်း(၁)စီး ၊ ဖုန်း (၃)လုံးအထက် နှင့် ဈေးဆိုင်စသည်ဖြင့်သတ်မှတ်ရာအိမ် ထောင်စု (၂၀) စုလောက်ရှိပြီးရွာ၏(၃၅) % လောက်ရှိပါသည်။ အဆင့် (၂) တွင်အိမ်ထောင်စု (၂၈) လောက်ရှိပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများမှာ လယ် (၂-၅) ကေ ၊ ထော်လာဂျီ ၊ယာ (၂-၅) ကေ ၊ ဆိုင်ကယ် (၁) စီး၊ နွား (၂-၁၀) ကောင် ၊ ပျဉ်ထောင် အိမ် ၊ သားသမီးများကို အထက်တန်းအထိပညာသင်ကြားပေးနိုင်ခြင်း ၊ ဝက် (၂) ကောင် ၊ နွားလှည်း(၁)စီး နှင့် ဖုန်း(၁-၃)လုံး တို့ဖြစ်ကြသည်။ ရွာ၏ (၄၈%) ခန့်ရှိပါသည်။ အဆင့် (၃) တွင်မူကား ရွာတွင်မ ပြေ လည်သော အုပ်စုအဖြစ် သတ်မှတ်ကြပြီး ၎င်းအုပ်စုတွင် ပါဝင်သူများသည် လယ် (၂) ကေ အောက် ၊ ယာ(၂) ကေအောက် ၊ နွား (၂) ကောင် အောက် ၊ စက်ဘီး (၁) စီး ၊ ဝက်(၁) ကောင် ၊ ဖုန်း(၁)လုံး နှင့် ဝါးထရံအိမ်စသည်တို့သာပိုင်ဆိုင်နိုင်ကြသူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ရွာ၏(၁၇%)ခန့်ရှိပါသည်။


ထို့ကြောင့်ဒေါတော်ကူးကျေးရွာ၏လူမှုအခြေအနေကို သုံးသပ် ကြည့်မည်ဆိုလျှင်ရွာ၏ (၈၃)% သည် အသင့်အတင့်နှင့် ပြေလည်သော အုပ်စုများဖြစ်ကြပြီး (၁၇)% လောက်သာအဆင်မပြေနိုင်ကြသည်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာမှာစီးပွားအခြေအနေဖွံ့ဖြိုးတိုးတက်မှုရှိလာသည်ကိုတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား - (၂၈) ဦး

မ - (၁၈) ဦး

ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

## ကျေးရွာအတွင်းရှိ ကျား/မ ဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ခြင်း



ဒေါတော်ကူးရွာအုပ်စု၊ ဒေါတော်ကူးကျေးရွာ

ရက်စွဲ ။ ။ ၂၀.၁၂.၂၀၁၆

ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာပင့်ကူအိမ်သုံးသပ်ခြင်း

လုပ်ကိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၈) ထိရှိပြီး အမျိုးသမီးများမှာ အ ဆင့် (၃) တွင်သာရှိပါသည်။ ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၉) ရှိပြီး အမျိုးသမီးများ မှာ အဆင့် (၅) တွင်သာရှိပါသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၉) ရှိပြီး အမျိုးသမီးများမှာ အဆင့် (၄) တွင်သာရှိပါသည်။ အထူးသဖြင့် ကလေးများကျန်းမာရေးစောင့်ရှောက်မှုပိုင်းတွင် အမျိုးဒေါတော်ကူးကျေးရွာ အနေဖြင့် အမျိုးသား ၊ အမျိုးသမီး အခန်းကဏ္ဍအားလေ့လာသုံးသပ်ရာတွင် အခွင့်ရေးများ တန်းတူညီမှုနှင့် တန်းတူညီလုနီးပါးရှိလာသည်ကိုမြင်တွေ့ရသည်။ ဆွေးနွေးချက် (၁၂) ချက်ထဲမှ (၃) ချက်တူညီသည်ကိုမြင်တွေ့ရသည်။ ထိုအချက်များမှာ စိုက်ပျိုးမွေးမြူရေး ၊အကြံပေးပိုင် ခွင့် နှင့် လွတ်လပ်စွာပြောဆိုခွင့် များဖြစ်ပါသည်။ ကွာဟမှုများသေးသောအချက်များမှာ စီးပွားရေးလုပ် ကိုင်ခွင့် ၊ ဆုံးဖြတ်ပိုင်ခွင့် ၊ အမွေရပိုင်ခွင့် နှင့် ကျန်းမာရေးစောင့်ရှောက်မှု တို့ဖြစ်ပါသည်။ အဆင့်ဖြင့် ဖော်ပြလျှင် စီးပွားရေးလုသမီးများမှာ အဆင့် (၁၀) ထိအပြည့်အဝရှိပြီး အမျိုးသားများမှာ အဆင့် (၇) တွင်သာရှိပါသည်။ ကျန်ဆွေးနွေးချက်များသည် အနည်းအကျဉ်းမျှသာကွာဟသည်ကိုမြင်တွေ့ရသည်။


အထက်ဖော်ပြပါအချက်များကိုကြည့်ခြင်းအားဖြင့် ဒေါတော်ကူးကျေးရွာ၏ ကျား-မ တန်းတူညီမှုများသည် နှစ်များမကြာမီအချိန်အတွင်းတွင်အပြည့်အဝတန်းတူညီမျှမှုရလာမည်ဟု မျှော်မှန်းသုံးသပ်ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား - (၂၅)ဦး

မ - (၁၁) ဦး

ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု ဖော်ထုတ်သုံးသပ်ခြင်း



ဒေါတော်ကူးအုပ်စု၊ ဒေါတော်ကူးကျေးရွာ

ရက်စွဲ ။ ။ ၂၀.၁၂.၂၀၁၆

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက်

ဒေါတော်ကူးကျေးရွာအတွင်းတွင်အဓိကကျေးရွာလူထုနှင့်ထိတွေ့လှုပ်ရှားရသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ နှင့် ရပ်မိရပ်ဖအဖွဲ့တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့ (၂) ဖွဲ့တို့သည်ရွာ၏မည်သည့် အရေးကိစ္စမဆို (၂) ဖွဲ့တိုင်ပင်ဆွေးနွေးပြီးမှဆုံးဖြတ်ရလေ့ရှိသည်။ ဘာသာရေးအသင်း အဖွဲ့များဖြစ်ကြ သောသံသာအားနာသင်း ၊ C.A အသင်း ၊ မယ်တော်သမီး နှင့် ကျောင်းဒါကာ တို့သည်ဘာသာရေးပိုင်း တွင်အဓိကလှုပ်ရှားသောအဖွဲ့.များဖြစ်ပါသည်။ အထက်ပါအဖွဲ့.များသည်ရွာတွင်သာ အချင်းချင်းချိတ် ဆက်ကြသည်သာမကဘဲ တိုက်နယ်တွင်ရှိသော ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဘာသားရေးဆိုင်ရာ များကိုချိတ်ဆက်ပြီးအလုပ်လုပ်ကြပါသည်။ လူငယ်အဖွဲ့ တို့မှာလည်းမကြာမကြာရွာ၏အရေး ကိစ္စများကိုရွာမိရွာဖ ၊ အုပ်ချုပ်ရေးမှူးနှင့် ဘာသာရေးအဖွဲ့.များနှင့် ချိတ်ဆက်ပြီးတက်ကြွစွာကြီးပမ်းဆောင် ရွက်ရသောအဖွဲ့ဖြစ်သည်။ မိဘဆရာအသင်း နှင့် မြစိမ်းရောင်ကော်မတီတို့မှာဖြင့်အလယ်အလတ်အဖွဲ့များဖြစ်ကြသော်လည်းကျေးရွာလူထုနှင့်ထိတွေ့မှု နည်းသည်ကိုတွေ့ရသည်။ မယ်တော်သမီးအဖွဲ့ မှာ လူငယ်အဖွဲ့မှကွဲထွက်လာသောအဖွဲ့ ဖြစ်ပြီးဘာသာရေးအဖွဲ့.များနှင့်ချိတ်ဆက်ပြီးအလုပ်လုပ်ပါသည်။ ရွာတွင်မီးကော်မတီလည်းဖွဲ့ထား


သည်။ Care Myanmar အဖွဲ့ မှ ဖွဲ့စည်းပေးထားသော ကျေးရွာ ဖွံ့ဖြိုး ရေးကော်မတီ (VDO )လည်းရှိပါသည်။ ယင်းအဖွဲ့သည်ပြင်ပ အဖွဲ့အစည်းဖြစ်သော Care အဖွဲ့နှင့် ချိတ် ဆက်၍လည်းကောင်း ၊ကျေးရွာတွင်းရှိအဖွဲ့.များဖြင့်လည်းကောင်းချိတ်ဆက်ပြီးရွာ၏ဖွံ့ ဖြိုးရေးလုပ် ငန်း များ ကိုဆောင်ရွက်သည်။ အုပ်ချုပ်ရေးမှူးသည်လည်းအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ချိတ် ဆက်၍လုပ်ငန်းများဆောင်ရွက်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား - (၂၅) ဦး

မ - (၁၁) ဦး

ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

## ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း



## ဒေါတော်ကူးအုပ်စု၊ဒေါတော်ကူးကျေးရွာ

### ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ခြင်း

ဒေါတော်ကူးကျေးရွာ အနေဖြင့် အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး စိုက်ပျိုးရိတ်သိမ်းကာလမှာမေလမှစ၍ဒီဇင်ဘာလထိဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံမှာစပါး ၊ မြေပဲ ၊ ပြောင်းတို့ဖြစ်ပြီးတစ်မျိုးပြီးလျှင်နောက်တစ်မျိုးစိုက်လေ့ရှိသောကြောင့်အဆိုပါလများတွင်မနားရဘဲဆက်တိုက်အလုပ်များကြသည်။ ပွဲတော်အချိန်အခါရောက်ပြန်ပြီဆိုလျှင်လည်း စုပေါင်းဆောင်ရွက်ကြပြီး ဇန်နဝါရီ ၊ ဧပြီ ၊ ဇူလိုင် ၊ အောက်တိုဘာ ၊ နိုဝင်ဘာ နှင့် ဒီဇင်ဘာ တို့တွင်ပြုလုပ်လေ့ရှိကြသည်။ ဇန်နဝါရီလတွင် မင်္ဂလာဆောင်ပွဲ ၊ ဧပြီလတွင် နှစ်ပတ်လည်ပွဲ ၊ ဇူလိုင်လတွင် မိဘပွဲ ၊ အောက်တိုဘာလတွင် ဒီးကူပွဲ ၊ နိုဝင်ဘာလတွင် သချိုင်းကုန်းပွဲနှင့် ဒီဇင်ဘာလတွင်ခရစ်စမတ်ပွဲ အသီးသီးကျင်းကြပါသည်။ အောက်တိုဘာလမှနိုဝင်ဘာတို့တွင်သီးနှံရိတ်သိမ်းရောင်းချပြီးကာစဖြစ်၍ဝင်ငွေကောင်းသောကာလများဖြစ်သော်လည်း ယခုနှစ်ပိုင်းတွင်မိုးခေါင်ရေရှားခြင်းပြဿနာကိုကြုံတွေ့ရကာကြုံရာကျပန်း အလုပ်များဖြင့် ဇန်နဝါရီလမှ ဧပြီလထိ ၊ စပါးမစိုက်ခင်ကာလထိ ပြင်ပဝင်ငွေရှာဖွေစုဆောင်းကြရသည်။ထိုသို့အ လုပ် နှင့် လက်မပြတ်အောင်ကြိုးစားလုပ်ကိုင်ကြသော ဒေါတော်ကူးကျေးရွာနေလူကြီး ၊ လူငယ်အားလုံးတို့သည် ကျန်း မာရေးအပိုင်းတွင် ရှေးအခါက ကပ်ရောဂါဆိုးကြီးကျရောက်ခဲ့သည်မှအပ ယခုအခါတွင် သာမန်တုတ် ကွေးဖျားနာမှုမျိုးလောက်သာခံစား ကြရသည်။ ရာသီအကူးအပြောင်းဖြစ်သော ဧပြီ ၊ မေ ၊ ဇွန် နှင့် အောက်၏တိုဘာလ တို့တွင်အဖြစ်များတတ်သည်။ ကျေးရွာအတွင်းဆေးပေး ခန်းလည်း ရှိသည်။ ရာသီဥတုတစ်နေ့တစ်ခြားဖောက်ပြန်လာမှုကြောင့် ဒေါတော်ကူးကျေးရွာသည် တစ်နှစ်ထက်တစ်နှစ်ရေပိုရှားပါးလာသည်ကိုကြုံတွေ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ဇူလိုင်လမှ အောက်တိုဘာလ အထိ သွားလာခက်ခဲသည်ကိုမြင်တွေ့ရသည်။

ပါဝင်ဆွေးနွေးသူ - ကျား - (၂၈) ဦး

မ - (၁၈) ဦး

ပံ့ပိုးကူညီသူ - ဦးခင်မောင်တာရီ

ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဂျိုးဇက် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်မိမိစိုး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးဗိုဝါးနီ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဂျူးရီကျော် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဒေါ်ချယ်ရီဘူးမြာ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမောင်စိန် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးဂျူးလို | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်လူမြာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကောရယ် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးဖရေးရယ် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်သယ်မြာ | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးလီးဖဲ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်ဒဲမြာ | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဦးဂျိုးဇက်မီရယ် | ကျား | ကျေးရွာစာရင်းကိုင် |
| ၁၅ | ဦးရှားရယ် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ငွေးမြာ | မ | ကျေးရွာစေတနာ့ဝန်ထမ်း |

ကျေးရွာအတွင်းရှိ ကော်မတီဝင်များမှတ်တမ်းဓါတ်ပုံ



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ထူး | 09788949442 | ဦး ခင်မောင်ဝင်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်တောကြူ | ကျေးရွာ ဒေါ်တောကြူ |
|---|---|---|---|

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၆၂ | ဘာသာ (၁) ခရစ်ယာန် | ၆၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ | ၈ - ၄ | ၆ - ၄ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၉ | ၈ - ၇ | ၆ - ၁၂ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)------ကယား------- | ၂၇၃ | ၁၅၄ |
| လူမျိုးစု (၂) ------------------------ | | |
| လူမျိုးစု (၃) ------------------------ | | |
| လူမျိုးစု (၄) ------------------------ | | |
| လူမျိုးစု (၅) ------------------------ | | |
| အိမ်ထောင်ဦးစီး | ၅၈ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် ရွာတွင်းတွင် မရှိသော၊ ရွာ တခြားမှလာကြ | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း ✓ | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဖော်ပြပုံစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? **(ရှိပါသည်)**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၂ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **(ပြုခဲ့ပါသည်)**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ✓ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖော်ပြပုံစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) VDC (ကျေးရွာဖွံ့ဖြိုးရေးကော်မတီ)

(၂) ------------------------------

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 30.11.2016

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 30.11.2016

## ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခင်မောင်ဝင်းကို | | | |
| နေ့စွဲ ၂၀.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဒေါ်တော်ကူ | ကျေးရွာ ဒေါ်တော်ကူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၁၂.၂၀၁၆ | ၁၉.၁၂.၂၀၁၆ | ၂၈ | ၁၈ | ၄၆ | ကယား ၄၆ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၁၂.၂၀၁၆ | ၂၀.၁၂.၂၀၁၆ | ၂၅ | ၁၁ | ၃၆ | ကယား ၃၆ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၃.၁.၂၀၁၇ | ၁၃.၁.၂၀၁၇ | ၁၃ | ၁၃ | ၂၆ | ကယား ၁၈<br>ကယန်း ၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၂၀၁၇ | ၂၅.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး.ဝင်းမောင်တင် |
| နေ့စွဲ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ်မှ: မောချီး — ကျေးရွာအုပ်စု ဒေါ်ကောကျေး — ကျေးရွာ ဒေါ်ကောကျုး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေရှားပါးသောကြောင့် ခက်ခဲခြင်း | ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၂ | စားဝတ်နေရေး အခက်အခဲ |
| ၃ | ကျန်းမာရေး အခက်အခဲ | ၃ | ပညာရေး ကျောင်းမှ အခက်အခဲ |
| ၄ | ကျန်းမာရေး အခက်အခဲ | ၄ | ရေရှားပါးမှု အခက်အခဲ |
| ၅ | အလုပ်အကိုင်ရှားပါးသော အခက်အခဲ | ၅ | ... ကျောင်းရှားပါးမှု |

၆ ပညာရေး ... အခက်အခဲ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလိုသောချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရေလုံလောက်စွာ ရရှိရန် | ၁ | လမ်းများ ကောင်းမွန်လာရန် |
| ၂ | လမ်းများ ချောမောပြေပြစ်စွာ သွားလာနိုင်ရန် | ၂ | စားဝတ်နေရေး ပြေလည်ပြီး ... ကောင်းလာရန် |
| ၃ | ကျောင်း/ကျောင်းဆရာ ပေးမှု ရရှိရန် | ၃ | စာကြည့်တိုက် ရလာရန် |
| ၄ | ... ရရှိရန် | ၄ | ... ရေလုံလောက်စွာ ရရှိရန် |
| ၅ | ပညာရေး အဆောက်အဦ ရရှိရန် | ၅ | ... လုံလောက်စွာ ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | အမိုးရေတွင်း | ကျ+မ | သိန်း ၂၀၀ | ၄၅၀ ဦး |
| ၂ | ကျောက်ချောလမ်း | ကျ+မ | သိန်း ၃၀၀ | ၄၅၀ ဦး |
| ၃ | စာကြည့်တိုက် | မ | သိန်း ၅၀ | ၄၅၀ ဦး |
| ၄ | စာအုပ် + စာကိရိယာ | မ | သိန်း ၁၃၀ | ၄၅၀ ဦး |
| ၅ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ၊

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအဖောင်အရွက်ပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် [signature] ---------- နေ့စွဲ 20.12.2016

အမည်- ဒေါ် မြမြဦး လက်မှတ် [signature] နေ့စွဲ 20.12.2016

နောက်ဆက်တွဲ(၄) ခြားနားသောအဖိုင်းများအတွက် ဦးစားပေးပွဲ ပြီးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားရွာနမူနာနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျောက်ချောလမ်း | ☑ မ<br>☑ ကျား | | |
| | ၂ | ရေကြည့်ကိုက် | ☑ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ဖြိုးသူဇာမြင့်၊ ဒေါ်နန်းမောင်းကာရီ | | |
| နေ့စွဲ | ၂၀၄၀၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | ကယား၊ | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်တော်ကူး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဒေါ်ဆိုကလော | ကျောက်ချော လမ်း | ၁၂၆၀' x ၁၀' x ၆" | ၃၃၈ ဦး | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၆၄၄၀၀၀၀/- | - | - | - | ၁၆၄၄၀၀၀၀/- |
| ဒေါ်ကိုပိုး | ဘိလပ်မြေကန်၊ ရေသွယ်ပိုက်၊ ရေပိုက်လိုင်းသွယ် | ၂'၆" ,၆၀၂၈၀၊ ၂၁၂၀၈၀ | ၂၁၆ ဦး | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁၇၂၆၀၀၀/- | - | - | - | ၁၁၇၂၆၀၀၀/- |
| ဒေါ်ကဍုးယောင်း | မှိုကြီး၊ ကမ်းပါးကာ၊ မြေသားရိုး | ၁၅'x ၁၄'x ၁၂'၊ ၄၄၅၆၀ | ၁၅ ဦး | ☐ ကျား ☐ မ ☐ ကျား+ မ | ၁၅၈၈၀၀၀၀/- | - | - | - | ၁၅၈၈၀၀၀၀/- |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး.ရှို.ကနဲ လက်မှတ် [signature] ရက်စွဲ ၂-၄-၂၀၁၇

ဒေါ်ဆူ၊မေဒ် [signature] ၂-၄-၂၀၁၇

ကျေးရွာ - ဒေါ်တော်ကူး

အုပ်စု - ဒေါ်တော်ကူး

နေရာ - ခန်းမဆောင်

အချိန် - နံနက် (၉း၀၀) မှ ညနေ (၄း၃၀)

ရက်စွဲ - ၁၉.၁၂.၂၀၁၆

အစည်းအဝေးတက်ရောက်သူစာရင်း ကျား (၂၈) ၊ မ (၁၈)

**ပထမအကြိမ်ကျေးရွာအစည်းအဝေး**

၁။ အစည်းအဝေးတက်ရောက်သူစာရင်းကောက်ယူခြင်း

၂။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ လူထုအားလုံးပါဝင်ဆွေးနွေးပေးပါရန် ၊ အစည်းအဝေးပြီးဆုံးသည်အထိ ဆွေးနွေးသွားပေးပါရန် နှင့် ကျေးရွာလူထုအားလုံးညီညွတ်စွာပူးပေါင်းပါဝင်လုပ်ဆောင်ရန် တိုက်တွန်းအမှာစကားပြောကြားသွားခြင်း

၃။ လူထုဗဟိုပြုစီမံကိန်းအကြောင်းမိတ်ဆက်ခြင်း နှင့် စီမံကိန်းစက်ဝန်း အပိုင်း (၆) နှင့် အဆင့် (၁၄) ဆင့်အကြောင်းကို ဆရာဦးခင်မောင်တာရီမှ ရှင်းပြခြင်း

၅။ လူထုဗဟိုပြုစီမံကိန်းတွင်အဓိကပါဝင်သူများ နှင့် အုပ်စုအလိုက်ရံပုံငွေရရှိပုံရှင်းပြခြင်း

၆။ ကျေးရွာစေတနာ့ဝန်ထမ်း၏တာဝန်ဝတ္တရားများရှင်းပြခြင်းနှင့် စေတနာ့ဝန်ထမ်းများကိုပြန်လည်တည် ရွေးချယ်ခြင်း (ကျား -၁ ၊ မ -၁)

၇။ လူထုအားလုံးပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းအကြောင်းကိုဆွေးနွေးခြင်း

ဆွေးနွေးချက် ၁ - ကျေးရွာမြေပုံကိုရေးဆွဲဆွေးနွေးခြင်း

ဆွေးနွေးချက် ၂ - ဥစ္စာနေစံသတ်မှတ်ချက်ကိုဆွေးနွေးခြင်း

ဆွေးနွေးချက် ၃ - ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ပြက္ခဒိန်ဇယားကိုဆွေးနွေးခြင်း

ဆွေးနွေးချက် ၄ - အမျိုးသား/အမျိုးသမီး ပိုင်ဆိုင်မှု နှင့် ထိန်းချုပ်မှုကိုဆွေးနွေးခြင်း

ဆွေးနွေးချက် ၅ - အမျိုးသား/သမီးဆိုင်ရာ ပင့်ကူအိမ်သုံးသပ်ချက်ကိုဆွေးနွေးခြင်း

ဆွေးနွေးချက် ၆ - အဖွဲ့အစည်းချိတ်ဆက်မှုပြကားချပ်ကိုဆွေးနွေးခြင်း

၈။ လူထုဆန်းစစ်မှုများကိုကျေးရွာလူထုမှ ပြန်လည်အနှစ်ချုပ်ခြင်း

၉။ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း

မှတ်တမ်းတင်သူ

ဦးခင်မောင်တာရီ

ကျေးရွာ - ဒေါတော်ကူး

အုပ်စု - ဒေါတော်ကူး

နေရာ - လင်းလက်ကြယ်စင်ခန်းမဆောင်

အချိန် - ည (၇း၀၀) မှ ည (၁၀း၃၀)

ရက်စွဲ - ၂၀.၁၂.၂၀၁၆

အစည်းအဝေးတက်ရောက်သူဦးရေ ကျား (၂၅) ၊ မ (၁၁)

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

၁။ အစည်းအဝေးတက်ရောက်သူစာရင်းကောက်ယူခြင်း

၂။ ကျေးရွာအုပ်ချုပ်ရေးမှူးမှအဖွင့်အမှာစကားပြောကြားခြင်း

**၃။ ဦးစားပေးအခက်အခဲများ**

| ဆွေးနွေးချက်များ - | ကျား | မ |
|---|---|---|
| | ၁။ စိုက်ပျိုးရေးအခက်အခဲ | ၁။ စားဝတ်နေရေးခက်ခဲ |
| | ၂။ ရေရှားပါးသောအခက်အခဲ | ၂။ လမ်းပန်းဆက်သွယ်ရေးခက်ခဲ |
| | ၃။ ကျန်းမာရေးအခက်အခဲ | ၃။ ပညာရေးနှောင့်နှေးမှုခက်ခဲ |
| | ၄။ လမ်းပန်းဆက်သွယ်ရေး | ၄။ ရေရှားပါးသောခက်ခဲ |
| | ၅။ ပညာရေးစရိတ်မတတ်နိုင်သော ခက်ခဲ | ၅။ ထင်းရှားပါးမှုခက်ခဲ |
| | ၆။ အလုပ်အကိုင်ရှားပါးမှုခက်ခဲ | ၆။ ဝင်ငွေရှားပါးမှုခက်ခဲ |
| | ၇။ စီးပွားရေးအခက်အခဲ | |

**၄။ ကျေးရွာမျှော်မှန်းချက်များ**

ဆွေးနွေးချက်များ - နောင်လာမဲ့နှစ်တွင်လမ်းများအားလုံးကောင်း လာရန် ၊ ရေလုံလုံလောက်

လောက်သုံးနိုင်ရန် ၊ စားဝတ်နေရေးဖူလုံရန် ၊ ရေ ၊ မီး ၊ လမ်း ၊ တံတား

အား

လုံးအဆင်ပြေရန် ၊ ကျောင်း ၊ ရေမြောင်းရေပေးရေဝေရရှိရန် ၊ စာကြည့်

တိုက်

**၅။ စီမံကိန်းလုပ်ငန်းခွဲများရေးဆွဲခြင်း**

ဦးစားပေးလုပ်ငန်းများ - ၁။ အဝီစိတွင်းတူးခြင်း ၂။ ကျောက်ချောလမ်းခင်းခြင်း၃။ စာကြည့်တိုက်

ဆောက်ခြင်း ၄။ ဓာတ်တိုင် ဓာတ်ကြိုး

၆။ ကော်မတီဝင်များ၏တာဝန်ဝတ္တရားများကိုရှင်းပြခြင်း

၇။ ကော်မတီများကိုပြန်လည်အတည်ပြုရွေးချယ်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း

၁၀။ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း

မှတ်တမ်းတင်သူ

ဦးခင်မောင်တာရီ

လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၉.၁၂.၂၀၁၆ | ချမ်းသာ၊အလယ် အလတ်၊ဆင်းရဲ အုပ်စုများ | ၂၈ | ၁၈ | ၄၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၉.၁၂.၂၀၁၆ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၂၈ | ၁၈ | ၄၆ | ရာသီဥတု၊စိုက်ပျိုးရိတ်သိမ်းချိန်များ၊လယ်ယာလုပ်ငန်းများ၊နေ့စားလုပ်ငန်းများ၊ကျန်းမာရေး၊ငွေရေးကြေးရေး၊ရေရှားပါး၊ပွဲတော်ကာလများ |
| ၃ | ကျေးရွာလူမှုရေးပြ ၊ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၉.၁၂.၂၀၁၆ | ကျေးရွာလူထု၊ရပ်မိရပ်ဖ၊ကော်မတီဝင်များ | ၂၈ | ၁၈ | ၄၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ကျေးရွာ၏(၅)နှစ်ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၂၀.၈.၂၀၁၅ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ် | ၂၅ | ၁၁ | ၃၆ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့်အဓိကလိုအပ်ချက်များပေါ်မူတည်၍ဆုံးဖြတ်သည်။ |
| ၅ | အဖွင့်အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၀.၈.၂၀၁၅ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့၊ဘာသာရေး ၊ ရပ်မိ ရပ်ဖ ၊ လူငယ် | ၂၅ | ၁၁ | ၃၆ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့်လုပ်ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန် ယက် (Spider Web) | ၂၀.၈.၂၀၁၅ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၅ | ၁၁ | ၃၆ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |